# လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ

## အထွေထွေနိုင်ငံရေးသဘောထား
## နှင့်
## လတ်တလောလုပ်ငန်းစဉ်

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## အထွေထွေနိုင်ငံရေးသဘောထား
## နှင့်
## လက်တလောလုပ်ငန်းစဉ်

**နိဒါန်း**

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် (၁၃၅၀ – ပြည့်နှစ်) ဒီမိုကရေစီအရေးတော်ပုံကြီးအတွင်း သန္ဓေတည်မွေးဖွားခဲ့သော နိုင်ငံရေးပါတီတစ်ရပ်ဖြစ်ပေသည်။ ဤ ကြီးမြတ်၍ဂုဏ်ပြောင်သော အရေးတော်ပုံကြီးပင်လျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရေးတို့အတွက် အစဉ်တစိုက် တိုက်ပွဲဝင်ခဲ့သော မြန်မာပြည်လူမျိုးစုံပြည်သူတို့၏ တော်လှန်ရေးကြီးနှင့် သီးခြားကင်းလွတ်၍ ပေါ်ပေါက်ခဲ့ခြင်းကားမဟုတ်။ ထို့အတူ လွတ်လပ်ပြီးနောက်ပိုင်း အာဏာရအစိုးရ အဆက်ဆက်က ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားသွေးစည်းခိုင်မာရေး ပြဿနာတို့ကို ပြေလည်အောင် မဖြေရှင်းနိုင်ခဲ့သောကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဥပဒေတွင်း လူထုတိုက်ပွဲအသီးသီး၏ အဆက်လည်းဖြစ်သည်။ အထူးသဖြင့် (၁၉၆၂) ခုနှစ်၌ မြန်မာပြည်ရှိ ဒီမိုကရေစီအခွင့်အရေး အနည်းအပါးကိုပင် ရိုက်ချိုးဖျက်ဆီးပြီး စစ်အာဏာရှင်စနစ်ကို အခိုင်အမာကိုင်စွဲခဲ့သော အာဏာသိမ်းစစ်အုပ်စုအား ဆန့်ကျင်ပုန်ကန်ခဲ့ကြသည့် ဇူလိုင်(၇)ရက်၊ (၁၉၆၇)၊ (၁၉၆၉)၊ (၁၉၇၄)၊ (၁၉၇၅)၊ (၁၉၇၆)၊ (၁၉၈၇) စသော ဥပဒေတွင်း ကျောင်းသားထု၊ အလုပ်သမားထုနှင့် လူထုတို့၏ တိုက်ပွဲအသီးသီးနှင့်လည်း တဆက်တည်းဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာပြည်တော်လှန်ရေး၏ အဆင့်ဆင့်ဖြစ်ပေါ်တိုးတက်မှုအရ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် မြန်မာပြည်လူမျိုးစုံပြည်သူတို့ ဆင်နွှဲခဲ့သော၊ ဆင်နွှဲလျက်ရှိသော တော်လှန်ရေးကြီး၏ တာဝန်များကို ဆက်ခံထမ်းရွက်ရန် စုစည်းခဲ့သည့် မျိုးဆက်သစ် နိုင်ငံရေးအင်အားစု တစ်ရပ်ဖြစ်ပေသည်။

**အထွေထွေနိုင်ငံရေးဦးတည်ချက်**

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီသည် မြန်မာပြည်လူ့အဖွဲ့အစည်း၏ ဖြစ်ပေါ်တိုးတက်မှုပကတိ အခြေအနေအရပ်ရပ်ကို မှန်ကန်သော သမိုင်းရေးအမြင်ဖြင့် သုံးသပ်လျက် လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံး ယနေ့ရင်ဆိုင်နေရသော မတရားဖိနှိပ်မှုအပေါင်းမှ လွတ်မြောက်၍ အမျိုးသားဖိနှိပ်မှုများမှ ကင်းစင်သော၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် လက်တလောအားဖြင့် အောက်ပါနိုင်ငံရေးဦးတည်ချက်များကို မဖြစ်မနေ အကောင်အထည် ဖော်ရမည်ဟု အခိုင်အမာယုံကြည်သည်။

(က) စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး

(ခ) ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝအာမခံနိုင်ရေး

(ဂ) ငြိမ်းချမ်းရေး

(ဃ) အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သော ပြည်နယ်ပေါင်းစုပြည်ထောင်စုကြီး တည်ဆောက်ရေး

## ပါတီ၏ အခြေခံနိုင်ငံရေးရပ်တည်မှု

(က) ပါတီသည် မိမိတိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာများအား ချဉ်းကပ်ရာတွင်လည်းကောင်း၊ ဒေသတွင်းပြဿနာများနှင့် နိုင်ငံတကာရှိ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးဆိုင်ရာ ပြဿနာများအား ချဉ်းကပ်ရာတွင်လည်းကောင်း လူသားတို့ ဖြတ်သန်းတိုးတက်ခဲ့ရသော လူမှုရေးလက်တွေ့အပေါ်တွင် အခြေခံ၍ စဉ်းစားဆောင်ရွက်မည် ဖြစ်သည်။ (လူမှုရေးလက်တွေ့ဟုဆိုရာ၌ လူ့အဖွဲ့အစည်းအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်မှု၊ လူတန်းစားတိုက်ပွဲ၊ ကုန်ထုတ်လုပ်ရေး ဖြစ်ပေါ်တိုးတက်မှု၊ နိုင်ငံရေးဘဝ၊ ဝိဇ္ဇာ–သိပ္ပံပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့ အပါအဝင်ဖြစ်သည်။)

(ခ) ပါတီသည် ‘လူတဦးချင်းစီ၏ အတွေးအခေါ်၌ လူတန်းစားလက္ခဏာ ဖော်ပြချက်ရှိသည်’ ဟူသော အခြေခံအားဆုပ်ကိုင်လျှက် တိုင်းပြည်အတွင်း၊ နိုင်ငံတကာလှုပ်ရှားမှုများအတွင်း အဖိနှိပ်ခံ လူတန်းစားများဘက်မှ အစဉ်ရပ်တည် ကာကွယ်ဆောက်ရွက်သွားမည်ဖြစ်သည်။

(ဂ) ပါတီသည် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့ကို တည်ဆောက်တိုးချဲ့ ကာကွယ်ရာတွင် မိမိတို့၏ လူမှုရေးလက်တွေ့ကို သော့ချက်ကျသော အဖြေရှာမှုအဖြစ် ဆုပ်ကိုင်သွားမည်။ ထို့အပြင် ပါတီသည် ဒီမိုကရေစီဘောင်အတွင်း တရားမျှတမှုအား အခိုင်အမာ တောင်းဆိုပြီး အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားခနရှင်စသော အဖိနှိပ်ခံပြည်သူတို့၏ အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်။

(ဃ) မိမိတိုင်းပြည်နှင့် နိုင်ငံတကာပြဿနာများအား ဖြေရှင်းကြရာတွင်လည်း ပါတီအနေဖြင့် တိုင်းပြည်အတွင်းရှိ အဖိနှိပ်ခံပြည်သူတို့၏ သွေးစည်းညီညွတ်မှု၊ နိုင်ငံတကာပြည်သူတို့၏ သွေးစည်းညီညွတ်မှုဆိုင်ရာ လှုပ်ရှားမှုများဖြင့်သာ အောင်ပွဲခံနိုင်မည်ဟု ယုံကြည်သည်။

## ဦးတည်တိုက်ရမည့်ရန်သူ

စစ်အာဏာရှင်စနစ်ဖြင့် လူမျိုးပေါင်းစုံပြည်သူအပေါင်းအား ဖိနှိပ်ကျွန်ပြုလျှက်ရှိသော စစ်အုပ်စုသည် မြန်မာပြည်လူမျိုးစုံ ပြည်သူအပေါင်း၏ ဘုံရန်သူဖြစ်သည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ရန်သူဖြစ်သည်။

## မြန်မာပြည်တော်လှန်ရေး၏ လက္ခဏာ

ဖောက်ပြန်သော စစ်အာဏာရှင်တို့သည် ၎င်းတို့၏ စစ်တပ်နှင့် စစ်အုပ်ချုပ်ရေးယန္တရားကို ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးပြု၍ လူမျိုးစုံပြည်သူအပေါင်းအား အတန်းအစားမရွေး၊ အမျိုးဘာသာ၊ သာသနာမရွေး ဖိနှိပ်ကျွန်ပြုလျှက်ရှိသည်။ အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားခနရှင် လူတန်းစား အသီးသီး၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဘဝများမှာ ချွတ်ခြုံကျလျှက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးမှန်သမျှအား ဖိနှိပ်ဖျက်ဆီးခြင်းခံရလျှက် ရှိသည်။ ထိုနည်းတူ မြန်မာပြည် တိုင်းရင်းသားလူမျိုးအသီးသီး၏ သွေးစည်းမှုမှန်သမျှကိုလည်း နည်းလမ်းပေါင်းစုံဖြင့် သွေးခွဲဖြိုဖျက်လျှက်ရှိသည်။ အမျိုးသားအသီးသီး၏ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် အခြေအနေများကိုလည်း ဖောက်ပြန်သည့်စစ်ဖြင့် ချေမှုန်းရန် အားထုတ်လျှက်ရှိသည်။ အမျိုးသားအသီးသီး၏ မွေးရာပါ အခွင့်အရေးများ အပါအဝင် ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးများမှာလည်း ဖောက်ပြန်သည့် စစ်အုပ်စုလက်အောက်တွင် ကွယ်ပျောက်နေရသည်။

ထို့ကြောင့် ယနေ့မြန်မာပြည်တော်လှန်ရေးသည် စစ်အုပ်စုအား လူတန်းစားပေါင်းစုံ၊ လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံးက ဆန့်ကျင်တိုက်ခိုက်နေသည့် ဒီမိုကရေစီတော်လှန်ရေးကြီးဖြစ်သည်။

### တိုက်ပွဲသဏ္ဍာန်

ရန်သူကလက်နက်ဖြင့် အကြမ်းဖက်ဖိနှိပ်နေသမျှ လက်နက်ဖြင့် ခုခံဆန့်ကျင်တွန်းလှန်သည်မှာ တရားမျှတပြီး မှန်ကန်သည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ယုံကြည်သည်။

စစ်အာဏာရှင်စနစ်အား အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ အကုန်အစင် ဖျက်သိမ်းပစ်နိုင်ရေးအတွက် ပါတီသည် တိုက်ပွဲသဏ္ဍာန်ပေါင်းစုံဖြင့် ဆင်နွှဲသွားမည်ဖြစ်သည်။

### တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သောသဘောထား

တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်သည် လူမျိုးတိုင်း၏ မွေးရာပါအခွင့်အရေးပင်ဖြစ်သည်။ ၎င်းတို့တွင် ကိုယ်ပိုင်ဒေသ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ဘာသာစာပေတို့မှာ မူလကတည်းက တည်ရှိပြီး ဖြစ်သည်။ ပဒေသရာဇ်စနစ်၊ နယ်ချဲ့စနစ်၊ စစ်အာဏာရှင်စနစ်နှင့် ဖောက်ပြန်သည့် အုပ်စိုးသူတို့ကြောင့်သာ တိုင်းရင်းသား လူမျိုးအသီးသီး၏ တရားအရတည်ရှိပြီး အခွင့်အရေးတို့သည် စော်ကားဖျက်ဆီးခြင်း ခံနေရပေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ၏ တော်လှန်စစ်သည် မိမိတို့၏ မွေးရာပါအခွင့်အရေးများကို ခုခံကာကွယ်ရန်နှင့် တိုင်းရင်းသားအသီးသီး လွတ်မြောက်၍ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းသစ်ကြီးအတွက် ဖောက်ပြန်သည့်စနစ်ကို သုတ်သင်ရန် ဆင်နွှဲနေသည့် တရားသောစစ်ဖြစ်သည်။

### အမျိုးသားရေးပြဿနာနှင့် အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးအပေါ် သဘောထား

အမျိုးသားရေးပြဿနာဆိုသည်မှာ အမျိုးသားသွေးစည်းညီညွတ်မှု တည်ဆောက်ရေးဆိုင်ရာ ပြဿနာပင်ဖြစ်သည်။ ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ထိတိုင် မြန်မာပြည်လူ့အဖွဲ့အစည်းအတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် လက်တွေ့တွင် အမှန်တကယ်ညီညွတ်မှု မရရှိခဲ့ကြပေ။ ထိုပြဿနာနှင့်ပတ်သက်၍ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားမှာ တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံရေးပင်ဖြစ်သည်။

### တပ်ပေါင်းစုနှင့်ပါတ်သက်သော သဘောထား

ပါတီတခုမှဦးဆောင်၍ တော်လှန်ရေးအောင်ပွဲခံနိုင်သည့် သာဓကများ ကမ္ဘာ့တော်လှန်ရေးသမိုင်းတွင် တည်ရှိခဲ့သော်လည်း ယနေ့ မြန်မာပြည်တော်လှန်ရေး၏ အခြေအနေများသည် ကျစ်လစ်ခိုင်မာသော၊ အမှန်တကယ်ညီညွတ်သော တပ်ပေါင်းစုတစ်ရပ်ကို တောင်းဆိုနေသည်ဟု လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ယူဆသည်။

ယနေ့အခြေအနေတွင် တော်လှန်ရေးအင်အားစုအသီးသီးသည် ဘုံရန်သူဆန့်ကျင်ရေးမူပေါ်တွင် အခြေခံအားဖြင့် ညီညွတ်ကြသော်လည်း လက်တွေ့ပေါင်းစပ်မှု အားနည်းလျက်ရှိသည်ဟု ပါတီမှ သုံးသပ်သည်။

တခုတည်းသော နိုင်ငံရေး၊ စစ်ရေး ဘုံလုပ်ငန်းစဉ်အပေါ်တွင် အမှန်တကယ်ညီညွတ်သော တပ်ပေါင်းစုတစ်ရပ် အနေဖြင့် ရန်သူ၏ ပိုင်းခြားထိုးစစ်ဆင်မှုကို ချေဖျက်နိုင်မည်ဖြစ်ပြီး မိမိ၏ နိုင်ငံရေး၊

စစ်ရေးလှုပ်ရှားမှု အရှိန်အဟုန်ကို ပိုမိုလျှင်မြန်စွာ မြှင့်တင်နိုင်မည်ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် တော်လှန်ရေးအင်အားစု အသီးသီးအနေဖြင့် လက်တွေ့လုပ်ငန်းစဉ်များတွင် အပြန်အလှန် နားလည်မှုရကာ အမျိုးသားသွေးစည်းညီညွတ်မှုပြဿနာကိုပါ ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်ဟု ပါတီအနေဖြင့် ယုံကြည်သည်။

**ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သော သဘောထား**

မြန်မာပြည်လူမျိုးစုံ ပြည်သူလူထုတစ်ရပ်လုံးက လေးစားချစ်ခင်သော လူထုခေါင်းဆောင်ဖြစ်သည်။ မြန်မာပြည်၏ လက်ရှိနှင့် အနာဂတ်ပြဿနာများအား ဖြေရှင်းရာတွင် မဖြစ်မနေ ဦးဆောင်ပါဝင်ရမည့် ခေါင်းဆောင်တစ်ဦးအဖြစ် သဘောထားသည်။

**လက်ရှိစစ်တပ်အပေါ် သဘောထား**

လက်ရှိစစ်တပ်သည် (၁၉၄၈–ခုနှစ်)မှစ၍ ဖက်ဆစ်ဆန့်ကျင်ရေး မူလလမ်းကြောင်းမှ သွေဖီကာ အာဏာရဖိနှိပ်သူများနှင့် စစ်အာဏာရှင်တို့အလိုကျ ပြည်သူလူထုအား ဖိနှိပ်ရေးကိရိယာအဖြစ် အသုံးချခံနေရသည်။

**နဝတ၏ အမိန့်အမှတ် (၁/ ၉၀) အပေါ် သဘောထား**

(၁၉၉၀–ပြည့်နှစ်) မေလ (၂၇)ရက် ရွေးကောက်ပွဲရလဒ်ကို စနစ်တကျ ငြင်းပယ်ဖျက်ဆီးရန်နှင့် နိုင်ငံတော် အာဏာကို နည်းမျိုးစုံဖြင့် လက်မလွှတ်တမ်း ရယူထားရန် စစ်အုပ်စုမှ ထုတ်ပြန်ခဲ့သော ဖိနှိပ်ရေးအမိန့်တခုဖြစ်သည်။

**အမျိုးသားညီလာခံအပေါ် သဘောထား**

အမျိုးသားညီလာခံကို တန်းတူရည်တူရှိသည့် ဒီမိုကရေစီအပြည့်အဝရှိသော အခြေခံပေါ်တွင် တိုင်းရင်းသား လူမျိုးစုံပြည်သူများ၏ ကိုယ်စားလှယ်အစစ်အမှန်များဖြင့် ပါဝင်ဖွဲ့စည်းရပေမည်။ ယင်း အမျိုးသားညီလာခံသည် သွေးစည်းညီညွတ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို ဦးတည်ရပေမည်။ စစ်အုပ်စုမှ ချုပ်ကိုင်၍ ကျင်းပနေသော အမျိုးသားညီလာခံမှာ စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် လုပ်ဆောင်ပေးရသည့် ညီလာခံတခုသာဖြစ်သည်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) အပေါ်သဘောထား**

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲအတည်ပြု ပြဋ္ဌာန်းရာတွင် တိုင်းပြည်ရှိနိုင်ငံရေး အင်အားစုအားလုံး တန်းတူရည်တူ၊ ဒီမိုကရေစီနည်းကျပါဝင်နိုင်ရမည်။ ထိုဖြစ်စဉ်တွင် ပြည်သူတို့၏ မဲဆန္ဒဖြင့် ရွေးချယ်တာဝန်အပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်ခွင့် အပြည့်အဝ ရရှိရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)သည် စစ်အာဏာရှင်စနစ် ရေရှည်တည်တံ့နိုင်ရေး ဦးတည်ချက်အတွက် စစ်အုပ်စုစိတ်ကြိုက် ကျင်းပခဲ့သည့် ညောင်နှစ်ပင်ညီလာခံမှ ရေးဆွဲချမှတ်ခဲ့ပြီး စစ်အုပ်စု

အလိုကျ အတင်းအဓမ္မအတည်ပြု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့ပါ၍ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီက လုံးဝလက်မခံ၊ ဆန့်ကျင်တိုက်ဖျက်သွားမည်။

**တွေ့ဆုံဆွေးနွေးရေးအပေါ် သဘောထား**

မြန်မာပြည်တွင် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် အဖြေရှာရာတွင် တွေ့ဆုံဆွေးနွေးမှုများအား နည်းလမ်းတစ်ရပ်အဖြစ် မိမိတို့မှ လက်ခံသည်။ သို့သော် စစ်အာဏာရှင်စနစ်အား အထောက်အကူပြုပြီး ပြည်သူလူထု၏ အကျိုးစီးပွားကို မျက်ကွယ်ပြုသော တွေ့ဆုံဆွေးနွေးမှုများကို မိမိတို့ပါတီ အနေဖြင့် လက်မခံပေ။

စစ်အုပ်စု၊ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသားအင်အားစုများပါဝင်ပြီး နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှသာလျှင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လက်ရှိနိုင်ငံရေးပြဿနာအရပ်ရပ်အား ဖြေရှင်းနိုင်မည်ဖြစ်သည့်အပြင် စစ်မှန်သော ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဟု ယုံကြည်သည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် စစ်အုပ်စုတို့ တွေ့ဆုံဆွေးနွေးခြင်းမှတဆင့် တိုင်းရင်းသားအင်အားစုများ အားလုံးပါဝင်သော နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရေးသို့ တက်လှမ်းရန်လိုအပ်သည်။

တန်းတူမှုလည်းရှိ၊ လွတ်လပ်မှုလည်းရှိပြီး အင်အားစုအားလုံးပါဝင်သော နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး အဖြေရှာရေးသည် တမျိုးသားလုံးအတွက် အဓိကကျသည့် နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ် အဖြစ် မိမိတို့ပါတီမှ ခံယူသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပေါ် သဘောထား**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် (၁၉၉၀ – ပြည့်နှစ်)၊ မေလ (၂၇) ရက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင် ပြည်သူလူထု၏ ဆန္ဒမဲအများစုဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ယနေ့ကာလ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်သော အဖွဲ့အစည်း ကြီးဖြစ်သည်။

**အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) အပေါ်သဘောထား**

စစ်အုပ်စုအပါအဝင် အာဏာရဖိနှိပ်သူများကြောင့် မတရားဆုံးရှုံးနေရသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရေးအတွက် တရားသောတော်လှန် စစ်ကို ဆင်နွှဲနေသည့် တိုင်းရင်း သားလူမျိုးပေါင်းစုံတို့၏ တပ်ပေါင်းစုဖြစ်သည်။

**မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) အပေါ်သဘောထား**

စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးတိုက်ပွဲကြီးအတွင်း၌ တိုင်းရင်းသားလူမျိုးများ၏ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် ကျောင်းသားများ၊ ရဟန်းသံဃာများ၊ ပြည်ပရောက် မြန်မာမျိုးချစ်များအပါအဝင် ဒီမိုကရေစီအင်အားစုများ လက်တွဲပေါင်းစည်းလာသည့် ဖြစ်ပေါ်တိုးတက်မှုကြောင့် မွေးဖွားလာသော တပ်ပေါင်းစုကြီးဖြစ်သည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) အပေါ် သဘောထား**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ချုပ်၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုတို့ဖြင့် ပူးပေါင်းဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီအား ပိုမို၍ ခိုင်မာကျယ်ပြန့်သော အနှစ်သာရရှိသည့် စစ်အုပ်စုဆန့်ကျင် တိုက်ဖျက်ရေး တပ်ပေါင်းစုအဖြစ် တိုးချဲ့သွားရန် ကြိုးပမ်းသွားရမည်။

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB) အပေါ်သဘောထား**

မြန်မာနိုင်ငံ ဒီမိုကရက်တစ် အင်အားစု (FDB) သည် စတင်ဖွဲ့စည်းစဉ်ကတည်းက ပါတီက တက်ကြွစွာပါဝင်ခဲ့သော အင်အားစုဖြစ်သည်။

၈၈ မျိုးဆက်များဖြင့် အခြေတည်စုဖွဲ့ထားပြီး အနာဂတ်ကာလတွင် ပိုမိုကျစ်လစ်ခိုင်မာပြီး ကျယ်ပြန့်သည့် တပ်ပေါင်းစုတစ်ရပ်ဖြစ်လာရေးကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ရည်မှန်းချက်ထားသည်။

**ပြည်နယ်ပေါင်းစုပြည်ထောင်စု တည်ဆောက်ရေးအပေါ် သဘောထား**

မြန်မာပြည်လူ့အဖွဲ့အစည်း၏ နိုင်ငံရေးပြဿနာများပြေလည်ပြီး စစ်မှန်သော ငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလူမျိုးများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော ပြည်နယ်ပေါင်းစုပြည်ထောင်စု တည်ဆောက်ရမည်ဖြစ်သည်။ ပြည်နယ်ပေါင်းစုပြည်ထောင်စု တည်ဆောက်ရေး အတွက် စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေးကို ရှေးဦးစွာ လုပ်ဆောင်ရမည်ဖြစ်သည်။

**ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP) အပေါ် သဘောထား**

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)သည် (၁၉၉၀ – ပြည့်နှစ်) ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုက တရားဝင်ရွေးချယ်တင်မြှောက်ခဲ့သော တိုင်းရင်းသား လူမျိုးစုံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အာဏာဖြင့် ဖွဲ့စည်းထားသော ကော်မတီဖြစ်သည်။ ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ကို ကိုယ်စားပြုသော ကော်မတီတစ်ရပ်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီသည် ပြည်သူ့လွှတ်တော်တစ်ရပ်၏ အခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝကျင့်သုံးပိုင်ခွင့်ရှိသည်။ ပြည်သူလူထု၏ သဘောဆန္ဒ မပါဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အသင်းအပင်း တစ်စုတစ်ဖွဲ့ကမျှ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်းများဖြင့် ဖျက်သိမ်းပိုင်ခွင့် မရှိချေ။

**စစ်အုပ်စု၏ အပစ်အခတ်ရပ်စဲရေး ပေါ်လစီအပေါ် သဘောထား**

စစ်အုပ်စုမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြုလုပ်ထားသော အပစ်အခတ် ရပ်စဲရေးသည် ပြည်တွင်းစစ် ပြဿနာနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးနှင့် လူမျိုးရေးအဆင့်နေရာကို ပစ်ပယ်လစ်လျူရှုပြီး တစ်တိုင်းပြည်လုံးက လိုလားတောင့်တနေသည့် စစ်မှန်သောပြည်တွင်းငြိမ်းချမ်းမှု တည်ဆောက်ရေးကို လမ်းလွှဲပစ်ရန်သာဖြစ်သည်။

အပစ်အခတ်ရပ်စဲမှုကို တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများက ဆောင်ရွက်ခြင်းသည် နိုင်ငံရေး ပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းနိုင်ရန်အတွက် ရည်ရွယ်လုပ်ဆောင်ခဲ့သော ခြေလှမ်း တစ်ရပ်ဖြစ်သည်။

ထိုမှတဆင့် တစ်တိုင်းပြည်လုံး ငြိမ်းချမ်းရေးသို့ တက်လှမ်းရန်လိုသည်။

သို့သော်လည်း ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ နိုင်ငံရေးနှင့် လူမျိုးရေး အဆင့်နေရာကို (နအဖ)စစ်အုပ်စုက ပစ်ပယ်လစ်လျူရှုထားဆဲဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများနှင့် နိုင်ငံရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ အခွင့်အရေးများအတွက် တောင်းဆိုတိုက်ပွဲဝင်မှုမှန်သမျှကို မိမိတို့ ပါတီအနေဖြင့် ထောက်ခံသွားမည်။

## မြေယာပိုင်ဆိုင်မှုအပေါ် သဘောထား

မြန်မာပြည်လူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် လယ်သမားများဖြစ်သည်။ မြေယာပြဿနာ သည် တိုင်းပြည် စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးကြီးသော ပြဿနာတစ်ရပ်ဖြစ်သည်။ လယ်လုပ်သူ လယ်ပိုင်ရေးအတွက် ဆောက်ရွက်ရမည်ဖြစ်သည်။ သင့်တင့်သော မြေယာပိုင်ဆိုင်မှုကို ခွင့်ပြုမည် ဖြစ်သော်လည်း မြေရှင်ကြီးစနစ် မထွန်းကားစေရန် ဥပဒေများ ပြဋ္ဌာန်းကာကွယ်ရန် လိုအပ်သည်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် သဘောထား

တိုင်းပြည်၏ အမျိုးသားစီးပွားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အမျိုးသားစီးပွားရေးကို အထောက်အကူပြုစေမည့် အပြန်အလှန် အကျိုးစီးပွားအပေါ် အခြေခံသော နိုင်ငံခြားရင်နှီးမြှုပ်နှံမှုကို လက်ခံမည်။ သို့သော် လက်ရှိ စစ်အုပ်စုလက်ထက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများမှာ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ဦးတည်သော အမျိုး သားစီးပွားဖြစ်ထွန်းမှုကို အထောက်အကူ မပြုဘဲ စစ်အုပ်စုအာဏာတည်မြဲရေးကိုသာ ဖြစ်စေသဖြင့် စစ်အုပ်စုအုပ်ချုပ်ရေး အခြေခံအောက်တွင် မြန်မာနိုင်ငံသို့ ပြည်ပမှရင်းနှီး မြှုပ်နှံမှုမှန်သမျှကို ဆန့်ကျင်သွားမည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် သဘောထား

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကြောင့် ဖြစ်ပေါ်နေသော အကျိုးဆက်များသည် လူသား မျိုးနွယ်တစ်ရပ်လုံး၏ ရှင်သန်မှုကို အန္တရာယ်ပြုလျက်ရှိနေပေသည်။ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူလူထု၏ သဘောဆန္ဒအပေါ်တွင် အခြေခံရမည်။ သဘာဝပတ်ဝန်း ကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားရန် လိုအပ်သည်။

## လတ်တလောနိုင်ငံရေးလုပ်ငန်းစဉ်

### (က) စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်

၁။ (နအဖ) စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ဖျက်သွားမည်။
၂။ စစ်အာဏာရှင်စနစ်အကုန်အစင်ဖျက်သိမ်းရေးအတွက် ပါတီအနေဖြင့် ရရှိနိုင်သော အခွင့်အလမ်းမှန်သမျှကို ဆုပ်ကိုင်ပြီး လူထုတိုက်ပွဲတစ်ရပ်ဖြစ်ပေါ်လာရေးကို ဦးစားပေးဆောင်ရွက်သွားမည်။။
၃။ တပ်မတော်အတွင်းမှ တိုင်းချစ်ပြည်ချစ်တပ်မတော်သားများ ပြည်သူလူထုနှင့်အတူ ပူးပေါင်းလက်တွဲလာနိုင်ရေးကို အဆင့်လိုက်စည်းရုံး ဆောင်ရွက်သွားမည်။
၄။ တလုံးတစည်းတည်းသော၊ အနှစ်သာရအရ ခိုင်မာသော စစ်အုပ်စုတိုက်ဖျက်ရေး၊ တပ်ပေါင်းစုကြီးတစ်ရပ် ပေါ်ထွန်းလာစေရန် အစွမ်းကုန်ကြိုးပမ်းသွားမည်။
၅။ နည်းသဏ္ဍာန်ပေါင်းစုံဖြင့် တိုက်ပွဲဝင်နေသော ဒီမိုကရေစီတော်လှန်ရေးလုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာမှ အခိုင်အမာ ထောက်ခံကူညီလာစေရန် ကြိုးပမ်းသွားမည်။

### (ခ) အမျိုးသားသွေးစည်းညီညွတ်ရေးဆိုင်ရာ လုပ်ငန်းစဉ်

၁။ မိမိအင်အားစုများအတွင်း ပြည်သူလူထုအတွင်း မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒကို တိုက်ဖျက်မည်။
၂။ တိုင်းရင်းသားလူမျိုးများ၏ တရားမျှတသော တော်လှန်စစ်ပွဲအား ပြည်သူလူထုတစ်ရပ်လုံးကနားလည်သဘောပေါက် ယုံကြည်သက်ဝင်ပြီး ပူးပေါင်းပါဝင်လာစေရန် ကြိုးစားဆောင်ရွက်သွားမည်။
၃။ တိုင်းရင်းသားလူမျိုးအသီးသီး၏ တော်လှန်ရေးတို့အား ဖိနှိပ်သူအစိုးရအဆက်ဆက်တို့ဘက်မှ ပြည်သူလူထုအတွင်း နှစ်ပေါင်းများစွာ ဝါဒဖြန့်၊ သရုပ်ဖျက်မှုများကို ချေဖျက်ရှင်းလင်းသွားမည်။
၄။ မြန်မာပြည်လူ့အဖွဲ့အစည်းတွင် အမျိုးသားဖိနှိပ်မှုများ ထာဝရကင်းစင်ရေးအတွက် တော်လှန်ရေးအင်အားစု အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။
၅။ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံနိုင်မည့် ပြည်နယ်ပေါင်းစုပြည်ထောင်စု တည်ဆောက်ရေးကို အလေးအနက်ထား၍ ဆောင်ရွက်မည်။

### (ဂ) ပါတီ၏ သီးခြားလုပ်ငန်းစဉ်

၁။ သိပ်သည်းကျစ်လစ်၍ အရည်အချင်းကောင်းသော ပါတီတစ်ရပ်ဖြစ်စေရန် တည်ဆောက်မည်။
၂။ နိုင်ငံရေး၊ စည်းရုံးရေးအရ ကြံ့ခိုင်သော ပါတီတစ်ရပ်ဖြစ်စေရန် စနစ်တကျ အဆင့်ဆင့်တည်ဆောက်သွားမည်။
၃။ ဒီမိုကရေစီကျင့်စဉ်ကို အခြေခံ၍ ဗဟိုချုပ်ကိုင်မှုဖြင့် ပါတီတွင်းတွင် နိုင်ငံရေးအရ ခိုင်မာသော စည်းလုံးညီညွတ်မှုကို တည်ဆောက်မည်။
၄။ ပါတီ၏ မြေအောက်ပါတီကော်မတီ ဖော်ဆောင်ရေးနှင့် မြေအောက်လုပ်ငန်းများ ကျစ်လစ်ခိုင်မာကျယ်ပြန့်ရေးကို အဓိကထား ဖော်ဆောင်သွားမည်။။

**(၂၀၀၉ ခုနှစ် ဇူလိုင်လ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့အထိကျင်းပသော**
**ပါတီဗဟိုကော်မတီ အထူးအစည်းအဝေးမှ ပြင်ဆင်ဖြည့်စွက် အတည်ပြုသည်။)**

- စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ အာမခံနိုင်ရေး
- ငြိမ်းချမ်းရေး
- အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သော ပြည်နယ်ပေါင်းစု ပြည်ထောင်စုကြီး တည်ဆောက်ရေး